အစ္စလာမ်သာသနာသည် မဏ္ဍိုင်ကြီးငါးခုပေါ်တွင်

တည်ဆောက်ထားသည်

အဗ်ဒုလ္လာဟ်ဗင်န်အုမရ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ အစ္စလာမ်သာသနာသည် မဏ္ဍိုင်ကြီးငါးခုပေါ်တွင်
တည်ဆောက်ထားသည်။ (၁) အလ္လာဟ်အရှင်မြတ်မှအပအခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်မရှိကြောင်းနှင့် မုဟမ္မဒ်သည်
အလ္လာဟ်အရှင်မြတ်၏ ဗန္ဒဟ်အစေတော်နှင့်ရစူလ်တမန်တော်ဖြစ်ကြောင်းကိုသက်သေခံခြင်း၊ (၂) ဆွလာသ် ဆောက်တည်ခြင်း၊ (၃) ဇကာသ်ပေးဆောင်ခြင်း၊ (၄) ကအ်ဗဟ်ကျောင်းတော်အား ဟဂ်ျပြုလုပ်ခြင်း၊ (၅) ရမဿွာန်လ၏ ဆွိယာမ်ဥပုသ်စောင့်ထိန်းခြင်းတို့ဖြစ်သည်။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အစ္စလာမ်သာသနာကို ပင်မတိုင်ကြီးငါးခုက ထောက်မကာ ဆောက်တည်ထားသော ခိုင်မာသည့်အဆောက်အအုံဖြင့် ပမာနှိုင်းပြတော်မူသည်။အစ္စလာမ်၏ ကျန်ဝိသေသလက္ခဏာများသည် ထိုအဆောက်အအုံကို ပြည့်ပြီးစုံစေသောလက္ခဏာများဖြစ်သည်။ ဤမဏ္ဍိုင်ကြီးငါးခုအနက် ပထမဆုံးတစ်ခုမှာ ရှဟာဒသ် သက်သေခံခြင်းနှစ်မျိုးဖြစ်သည့် အလ္လာဟ်အရှင်မြတ်မှအပအခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်မရှိကြောင်းနှင့် မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်ဖြစ်ကြောင်းကို သက်သေခံခြင်းဖြစ်သည်။ ထိုသက်သေခံခြင်းနှစ်ခုသည်မဏ္ဍိုင်တစ်ခုသာဖြစ်ပြီး တစ်ခုနှင့်တစ်ခု ခွဲထုတ်၍မရပေ။ ကျေးကျွန်သည်၎င်းရှဟာဒသ်နှစ်ခုကို မြွက်ဟပြောဆိုရာတွင် အလ္လာဟ်အရှင်မြတ်သည် တစ်ပါးတည်းတည်ရှိ‌တော်မူသောအရှင်ဖြစ်ကြောင်း၊ အလ္လာဟ်အရှင်မြတ် တစ်ဆူတည်းသာ ခဝပ်ကိုးကွယ်ခြင်းခံထိုက်တော်မူပြီး အရှင်မြတ်အပြင်မည်သူမျှ ခဝပ်ကိုးကွယ်ခြင်းကိုမခံထိုက်ကြောင်းကို ဝန်ခံကာ ရှဟာဒသ်နှစ်ခု၏ တောင်းဆိုမှုအတိုင်းကျင့်ကြံအားထုတ်ရမည်။ ထို့ပြင် မုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ရိစာလသ်နောက်ဆုံးရစူလ်တမန်တော်ဖြစ်ခြင်းအား ယုံကြည်လျှက် နောက်လိုက်မှုပြုရမည်။ဒုတိယတစ်ခုမှာ ဆွလာသ်ဆောက်တည်ခြင်းဖြစ်သည်။ ဤသည် တစ်ရက်တာတွင်ရှိသည့် ဖရ်ဿ်ွဆွလာသ်ငါးကြိမ်ဖြစ်သော ဖဂ်ျရ်ဆွလာသ်၊ ဇုဟုရ်ဆွလာသ်၊ အဆွရ်ဆွလာသ်၊ မဂ်ရိဗ်ဆွလာသ်၊အိရှာဆွလာသ်စသည်တို့ကို ၎င်းတို့၏စည်ကမ်းချက်များ၊ ဖရ်ဿ်ွတာဝန်များ၊ဝါဂျိဗ်တာဝန်များနှင့်တကွ ဆောက်တည်ခြင်းဖြစ်သည်။ တတိယတစ်ခုမှာ ဖရ်ဿွ်တာဝန်အဖြစ်သတ်မှတ်ပြဌာန်းထားသော ဇကာသ်ကို ပေးဆောင်ခြင်းဖြစ်သည်။ ဇကာသ်ဟူသည် ရှရိအဟ်တရားတော်ကသတ်မှတ်ထားသော ပမာဏသို့ ရောက်ရှိသွားသည့်ဥစ္စာပစ္စည်းတိုင်းအတွက် သတ်မှတ်ထားသောဖရ်ဿ်ွအိဗာဒသ်တစ်ခုဖြစ်သည်။ ဇကာသ်အား စားထိုက်သူများကို ပေးရသည်။ စတုတ္ထတစ်ခုမှာဟဂ်ျပြုလုပ်ခြင်းဖြစ်သည်။ ၎င်းသည် ဟဂ်ျကျင့်စဉ်များကို ဆောင်ရွက်ရန်ရည်ရွယ်ချက်ဖြင့် မက္ကဟ်မြို့သို့ သွားရောက်ကာ ကြီးကျယ်မြင့်မြတ်တော်မူသောအလ္လာဟ်အရှင်မြတ်ကို ခဝပ်ကိုးကွယ်ခြင်းဖြစ်သည်။ ပဉ္စမတစ်ခုမှာ ဆွိယာမ်ဥပုသ်

စောင့်ထိန်းခြင်းဖြစ်သည်။ ၎င်းသည် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်သည့်ရည်ရွယ်ချက်ဖြင့် နံနက်မိုးသောက်ချိန်မှစ၍ နေဝင်သည်အထိ စားခြင်း၊ သောက်ခြင်းနှင့်ဆွိယာမ်ဥပုသ်ကို ပျက်စေသော အခြားကိစ္စရပ်များကို ရှောင်ကြဉ်ခြင်းဖြစ်သည်။

https://sunnah.global/hadeeth/my/show/65000

